# မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားခြင်းဖြင့် ပြည်သူသန်းပေါင်းများစွာအတွက် အကျိုးရှိစေမည်

## ရေကြီးရေလျှံမှုနှင့် မြေငလျင်ဒဏ် သဘာဝဘေးများနှင့် ရင်ဆိုင်ရပါက ကြံ့ကြံ့ခံနိုင်စွမ်း မြှင့်တင်နိုင်ရန် ကမ္ဘာ့ဘဏ်ကူညီမည်

**၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်၊ ရန်ကုန်မြို့** - စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရ၏ ဦးဆောင်မှုဖြင့် ရန်ကုန်စည်ပင်သာယာရေး ကော်မတီတို့သည် ကမ္ဘာ့ဘဏ်၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်မည့် “မြန်မာနိုင်ငံ နှင့် အရှေ့တောင်အာရှဒေသ သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲမှုစီမံကိန်း” မိတ်ဆက်ပွဲ အခမ်းအနားအား ယနေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။ ဤအခမ်းအနားတွင် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီးမှ တာဝန်ရှိသူအသီးသီးတို့က စီမံကိန်း အကောင်အထည်ဖော်နေမှု အခြေအနေများအား တင်ပြခဲ့ကြသည်။ ယခု စီမံကိန်း၏ ရည်ရွယ်ချက်မှာ သဘာဝ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရပါက တုန့်ပြန်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်ရန်ဖြစ်သည်။

ယခု စီမံကိန်းအား လွန်ခဲ့သည့်နှစ်က ကမ္ဘာ့ဘဏ်ဒါရိုက်တာဘုတ်အဖွဲ့က အတည်ပြုခဲ့ပြီး ရန်ကုန်မြို့၏ ရေမြောင်းစနစ်နှင့် အရေးပါသော အခြေခံ အဆောက်အဦများ အဆင့်မြှင့်တင်ရန်အတွက် စာချုပ်များ ချုပ်ဆိုနိုင်ခဲ့သည်။ ထို့အပြင် စီမံကိန်းအကောင်ဖော်ရေး အဖွဲ့များကိုလည်း ဖွဲ့စည်းနိုင်ခြင်း၊ ဘတ်ဂျက်နှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲနိုင်ခြင်း၊ ပစ္စည်းဝယ်ယူရေး၊ ဘဏ္ဍာရေး၊ စီမံကိန်းစီမံခန့်ခွဲရေး စသည့်သင်တန်းများ ဖွင့်လှစ်နိုင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် သဘာဝ ဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရနိုင်ချေမြင့်မားသည့် နိုင်ငံဖြစ်ပြီး နှစ်စဉ် အမေရိကန်ဒေါ်လာ ၁၈၄ သန်းခန့် ဆုံးရှုံးလျက်ရှိသည်။ ဆင်းရဲနွမ်းပါးသည့် ပြည်သူများက အထူးသဖြင့် ပိုမို ထိခိုက် ခံစားရလေ့ရှိပါသည်။ ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး ချေးငွေ အမေရိကန်ဒေါ်လာ ၁၁၆ သန်း ဖြင့် ဆောင်ရွက်မည့် ယခု စီမံကိန်းသည် ရန်ကုန်မြို့တွင် ရေကြီးရေလျှံမှုကြောင့် ဖြစ်ပေါ်လာသည့် နစ်နာဆုံးရှုံးမှုများကို လျှော့ချနိုင်ရေးနှင့် အများ ပြည်သူနှင့် သက်ဆိုင်သည့် အရေးပါသော အဆောက်အဦများအား ငလျင်ဒဏ်မှ ခံနိုင်ရည်ရှိစေရေး အဆင့်မြှင့်တင် ဆောင်ရွက်ရန်နှင့် နိုင်ငံ တစ်ဝှမ်း အရေးပေါ်အခြေအနေ တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများ အတွက် ငွေကြေး ထောက်ပံ့မှု စီမံခန့်ခွဲရာတွင် ပြည်ထောင်စု အစိုးရ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန် လုပ်ငန်းများအား ပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါ စီမံကိန်းအောက်တွင် ရန်ကုန်မြို့ ရှိ ရေမြောင်းစနစ်များ၊ အများပြည်သူနှင့် သက်ဆိုင်သည့် အဆောက်အဦးများကို အဆင့်မြှင့်တင်နိုင်မည် ဖြစ်ပြီး လူဦးရေ ငါးသိန်းခန့်အတွက် အကျိုးရှိစေရန် ရည်ရွယ်ထားသည်။

ယနေ့အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် ရန်ကုန် မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် ရန်ကုန်တိုင်းဒေသကြီးမှ ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ငွေတိုက်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြိုးတို့နှင့်အတူ ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး အယ်လင်ဂိုးစတိန်းတို့က တက်ရောက်ခဲ့ကြသည်။

"ရန်ကုန်မြို့သည် အလျင်အမြန်ဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး မြို့ပြနေ လူဦးရေ တိုးလာသည်နှင့် အညီ ရန်ကုန်မြို့တော်၏ အခြေခံအဆောက်အဦများအား မြှင့်တင်ပေးနိုင်ရန် အရေးတကြီး လိုအပ်လျက်ရှိသည်။ ရန်ကုန်မြို့သည် ရေကြီးရေလျှံမှုနှင့် ငလျင် စသည့် သဘာဝ ဘေးအန္တရာယ်များ ကျရောက်နိုင်သည့် နေရာတွင် တည်ရှိလျက်ရှိသည်။ ယခု စီမံကိန်းသည် ရန်ကုန်မြို့၏ ရေစီးရေလာစနစ်၊ အများပြည်သူ သက်ဆိုင်သည့် အဆောက်အဦများနှင့် အရေးပါသော အခြေခံ အဆောက်အဦများတွင် ငွေကြေးသုံးစွဲ ဆောင်ရွက်သွားမည် ဖြစ်ပြီး ရန်ကုန်မြို့နေပြည်သူများအတွက် အရည်အသွေး ပြည့်မီသော မြို့ပြ ဝန်ဆောင်မှုများ ပေးအပ်သွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် မိမိတို့ အစိုးရ၏ ရည်မှန်းချက်များသို့ အောင်မြင်ရန် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ပါသည်။" ဟု ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောကြားခဲ့ပါသည်။

"ယခု စီမံကိန်းသည် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရပါက အလျင်မြန်ဆုံး ပြန်လည် ထူထောင်နိုင်ရန် အတွက် ဘေးအန္တရာယ်မကျရောက်မီ ကြိုတင်ပြင်ဆင်မှုနှင့် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်နိုင်ရန် အထောက်အကူပေးမည် ဖြစ်သည်။ ကမ္ဘာ့ဘဏ်အနေဖြင့် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များကျရောက်လာပါက အလျင်မြန်ဆုံး တုန့်ပြန် ဆောင်ရွက်နိုင်စေရန် ကူညီပံ့ပိုးပေးသွားမည် ဖြစ်သည်။ သို့မှသာ မိသားစုဘဝများ လုံခြုံနိုင်မည်ဖြစ်ပြီး ပြည်သူများ လုပ်ငန်းခွင်များသို့ အလျင်အမြန် ပြန်လည် ဝင်ရောက်နိုင်မည်ဖြစ်သည်။" ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့် လာအိုနိုင်ငံဆိုင်ရာ ညွှန်ကြားရေးမှူး အယ်လင်ဂိုးစတိန်း က ပြောသည်။

ယခု စီမံကိန်းအား ဂျပန်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် နိုင်ငံတကာ အလှူရှင်များစွာပါဝင်သည့် အရှေ့တောင်အာရှ သဘာဝဘေးအန္တရာယ် အာမခံ- ရန်ပုံငွေ (SEADRIF) အတွက် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ တစ်သန်း ပူးတွဲထည့်ဝင်ထားပါသည်။ အဆိုပါ ထောက်ပံ့ငွေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ငွေကြေး ထောက်ပံ့မှု စီမံခန့်ခွဲရာတွင် ပိုမိုတိုးတက်ကောင်းမွန်လာစေရန်၊ ပြည်သူများအတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝဘေးဒဏ်မှ ခံနိုင်ရည် ရှိစေရေးကို ထည့်သွင်း စဉ်းစား ဆောင်ရွက်နိုင်ရန်၊ နောင်တွင် ကြုံတွေ့လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကြောင့် ငွေကြေးဆုံးရှုံးမှုများ လျှော့နည်းစေရန်၊ သဘာဝ ဘေးအန္တရာယ်များအား တုန့်ပြန်ဆောင်ရွက်ရာတွင် ငွေကြေးထောက်ပံ့မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် မြင့်တက်လာစေရန် ပံ့ပိုး ကူညီသွားမည် ဖြစ်သည်။

**###**

သတင်းအချက်အလက်များ ထပ်မံသိရှိလိုပါက အောက်ပါ website များတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

http://www.worldbank.org/myanmar

https://www.facebook.com/WorldBankMyanmar

ဆက်သွယ်ရန်

ရန်ကုန် - ကျော်စိုးလင်း၊ klynn@worldbank.org, Tel: +95 9 782789400